# မြသန်းတင့်

# လက်ဖက်ရည်ဆိုင်



# TEA HOUSE

BY LAO SHE

# လက်ဖက်ရည်ဆိုင်

တရုတ်စာရေးဆရာကြီး လောရှီ၏ 'လက်ဖက်ရည်ဆိုင်' ပြဇာတ်ရုပ်ရှင်ကြီးသည် တရုတ်ပြည်နှင့် နိုင်ငံတကာတွင် ထင်ရှားကျော်ကြားသော ပြဇာတ်ကြီးတစ်ပုဒ် ဖြစ်သည် ။ တရုတ်ပြည်တွင်း၌ စတင်က,ပြခဲ့ပြီး ဂျပန်၊ အနောက် ဂျာမဏီနှင့် အမေရိကန် ပြည်ထောင်စုတို့ တွင် လည်း မကြာသေးမီက စင်တင်ကပြခဲ့ရာ များ စွာ လူကြိုက်များ သည် ။

လောရှီ၏ "လက်ဖက်ရည်ဆိုင်" ပြဇာတ်ကြီးသည် အပိုင်း သုံးပိုင်း ပါရှိ၍ ၁၈၉၈ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း ငါးဆယ်အတွင်း ပီကင်းမြို့မှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို နောက်ခံပြု ရေးထားသည့် ပြဇာတ်ကြီးဖြစ်ပြီး ဇာတ်ဆောင်ပေါင်း ခြောက်ဆယ်ကျော် ပါရှိသည် ။ လက်ဖက်ရည်ဆိုင်ကို နောက်ခံပြုကာ တရုတ်ပြည်တွင် ပြောင်းလဲနေသော အခြေအနေ အရပ်ရပ်တို့ ကို ဖော်ပြသွားသည် ။

လောရှီသည် 'လန်ချားသမား' အမည်ရှိ ဝတ္ထုရှည်ကြီး တစ်ပုဒ်ကိုလည်း ရေးခဲ့သေးရာ ယင်းကို ဘာသာအမျိုးမျိုးသို့ ပြန်ဆိုခဲ့ပြီး ဖြစ်သည် ။ မြန်မာနိုင်ငံတွင် စစ်ပြီးစက တက်တိုး မြန်မာပြန်၍ ထုတ်ဝေခဲ့ပြီး ဖြစ်သည် ။

အခြားသော ထင်ရှားသည့် ပြဇာတ်ရှည် တစ်ပုဒ်မှာ "နဂါး မုတ်ဆိတ်မြောင်း" ဟူသော ပြဇာတ် ဖြစ်သည် ။ လောရှီသည် တရုတ်ပြည် လွတ်မြောက်ရေး ရသည့် အခါတွင် အမေရိကန် ပြည်ထောင်စုတွင် နေထို

င်ရာမှ ပြန်လာခဲ့ပြီး စာပေများကို ဆက်လက်ပြုစုခဲ့ရာ ၁၉၆၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

* * *